ထမင်းမစားကျေးရွာ
ပုလောမြို့နယ်၊ မြိတ်ခရိုင်
တနင်္သာရီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ – ၂၀၂၁)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ထမင်းမစားကျေးရွာ၊ ပုလောမြို့နယ်
(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၈ပြည့်နှစ်၊ မတ်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **စကားချီး** | |
| | **ထမင်းမစားကျေးရွာ သယံဇာတပြမြေပုံ၊ ပုလောမြို့နယ်** | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | |
| | (က) သီးနှံ စိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးလုပ်ငန်း | |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာ မီးလင်းရေး | |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| ၆။ | **ပညာရေး** | |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | |
| | **နောက်ဆက်တွဲ** (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | |
| | **နောက်ဆက်တွဲ** (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | |
| | **နောက်ဆက်တွဲ** (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | |
| | **နောက်ဆက်တွဲ** (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင် ရေးဆွဲထားသည့် ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၂ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ စသည် တို့ကို အဓိကထား ဖော်ပြထားပါသည်။

**မတ်လ၊ ၂၀၁၈**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**ထမင်းမစားကျေးရွာ**

**ပုလောမြို့နယ်**

# ထမင်းမစားကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ပုလောမြို့နယ်




## ရာသီခွင်ပြ ပြက္ခဒိန်

| အဖြစ်အပျက်များ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တောင်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | ပူပြင်းမိုးနည်း | မိုးများ | မိုးများ | မိုးများ | မိုးများ | မိုးအသင့်တင့် /နေပူ | ဆောင်းမိုးမရွာ နေပူ | ဆောင်းမိုးမရွာ နေပူ | ဆောင်းမိုးမရွာ | ပူပြင်း ခြောက်သွေ့ | ပူပြင်း ခြောက်သွေ့ | ပူပြင်း ခြောက်သွေ့ | |
| အလုပ်အကိုင် | ကွမ်းသီး | ကွမ်းသီး | ကွမ်းသီး | ကွမ်းသီး | ကွမ်းသီး | ကွမ်းသီး | ကွမ်းသီး | ကွမ်းသီး | ကွမ်းသီး | ကွမ်းသီး | ကွမ်းသီး | ကွမ်းသီး | |
| လက်လုပ်လက်စားမိသားစုဝင်ငွေရရှိမှု | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | အသင့်အတင့် | |
| အသုံးစရိတ် | သင့် | နည်း | နည်း | နည်း | သင့် | သင့် | များ | များ | များ | များ | များ | များ | |
| ချေးငွေလိုအပ်မှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | |
| ဝမ်းစာဖူလုံမှု | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | သင့် | |
| သောက်သုံးရေရရှိမှု | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | လုံလောက် | |
| တိရစ္ဆာန်ရောဂါကျရောက်မှု | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | |
| ကျန်းမာရေး(ဖျားနာခြင်း) | မရှိ | သင့် | သင့် | သင့် | သင့် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | |
| သီးနှံရောဂါကျရောက်မှု | မရှိ | မရှိ | သင့် | သင့် | သင့် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | |
| ပွဲတော်များ | သင်္ကြန် | ရေသွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | ကထိန်ပွဲ | မရှိ | မရှိ | မရှိ | မရှိ | |
| သဘာဝဘေး အန္တရာယ်ကျရောက်မှု | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | |

# အဖွဲ့အစည်းချိတ်ဆက်မှုပုံစံ

**ထမင်းမစားကျေးရွာအုပ်စု၊ထမင်းမစားကျေးရွာ၏ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းပုံစံပြ**
**Venn Diagram**

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ

ပရဟိတအဖွဲ့

ကာလသား/သမီးအဖွဲ့

ဂေါပကအဖွဲ့

ရပ်မိရပ်ဖအဖွဲ့

ကြက်ခြေနီအဖွဲ့

ကျောင်းကျိုးတောင်ဆောင်အဖွဲ့

ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများ

Vision Fund

Hana




# ဥစ္စာဓနအဆင့် သတ်မှတ်ချက်

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | ၉ | ၄၁ | ၆၅ | ၃၇ |

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ထမင်းမစားကျေးရွာသည် ထမင်းမစားကျေးရွာအုပ်စု၊ ပုလောမြို့နယ်တွင်ပါဝင် ပါသည်။ မြောက်လတ္တီတွဒ် ၁၃ဒီဂရီ၊ ၀၆မိနစ်၅၇စက္ကန့် နှင့် အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၃၈မိနစ်၊ ၁၂စက္ကန့် ကြားတွင်တည်ရှိပြီး အရှေ့ဘက်တွင် ဆယ်အိမ်စုကျေးရွာ၊ တောင်ဘက်တွင် နန်းပရုပ်ကျေးရွာ၊ အနောက်ဘက်တွင် လယ်ဖက်ကျေးရွာ၊ မြောက်ဘက်တွင် တော်ဝင်ကျေးရွာ တို့နှင့် နယ်နိမိတ်ထိစပ်လျှက်ရှိပြီး ပုလော– ပလောက်ဟိုင်း ဝေးကားလမ်းမကြီးပေါ်တွင် တည်ရှိသည်။

## ၂။ ရာသီဥတုနှင့် သဘာ၀ အရင်းအမြစ်များ

ထမင်းမစားကျေးရွာသည် ပူအိုက်စွတ်စိုသော ရာသီဉတုရှိပြီး အမြင့်ဆုံး အပူချိန် (၉၀.၄F)နှင့် အနိမ့်ဆုံး(၇၀.၁F)ထိရရှိပြီး မိုးရေချိန်(၂၂မှ၆၀)လက်မကြား ရွာသွန်း လေ့ရှိပါ သည်။ မိုးတွင်းကာလတွင် များသောအားဖြင့်မိုးများပါသည်။ ထမင်းမစား ကျေးရွာတွင် ဓာတ်သတ္တု ဆိုင်ရာအခြားတွင်းထွက်သယံဇာတ များမထွက်ရှိပါ။ သဘာ ၀အရင်း အမြစ် များဖြစ်သည့် သဲ၊ကျောက်၊ ကျောက်စရစ်များ ကို ပြည်ခြားကျေးရွာမှ ဝယ်ယူနိုင်ပါသည်။ သဘာဝဆေးဖက်ဝင်အပင်များနှင့် ဂျာမနီ၊ ဆင်တုံးမနွယ် စသည်တို့ ပေါက်ရောက်ပြီး သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရှားပါးနေပြီဖြစ်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ထမင်းမစားကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၅၂)စုရှိပြီး လူဦးရေ(၇၈၅)ဦး ရှိပါ သည်။ မြန်မာလူမျိုးများနေထိုင်ကြပါသည်။ ထမင်းမစားကျေးရွာတွင် ကျေးရွာ၏ လူမှုရေး၊ အုပ်ချုပ်ရေး၊ သာသနာရေး ရာများ ဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်း (၆) ခုရှိပြီး နာရေးကူညီကျေးရွာ၏ နာရေးကိစ္စရပ်များအား အဓိက ဆောင်ရွက်နေ ကြပါသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုဖွံ့ဖြိုး ရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးစသည့် ကဏ္ဍများတွင် ဦးဆောင် ဦးရွက်ပြုလုပ်ဆောင်ပြီး စသည့် အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေကြပါသည်။

ထမင်းမစားကျေးရွာတွင် ချေးငွေအတွက် Hana, Vision Fund တို့မှ အတိုး(၂ကျပ်၂၀ပြား)ဖြင့် ၅သိန်းမှ ၁၅သိန်းအထိ ပိုင်ဆိုင်မှုပြ၍ (၁)နှစ်ကာလ ကြာမြင့်စွာ ထုတ်ချေးပေး လျှက်ရှိပါသည်။ ထမင်းမစားကျေးရွာ၏ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး

ကိစ္စများ ပိုမိုတိုးတက် ကောင်းမွန်စေရန် ကျေးရွာအတွင်းရှိ ပရဟိတအဖွဲ့နှင့် ကျေးရွာပြင်ပရှိ ပရဟိတအဖွဲ့တို့ ချိတ်ဆက် ဆောင်ရွက်ရန် လိုအပ်လျှက်ရှိပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ထမင်းမစားကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၆၉) ဧက၊ ဥယျာဉ်ခြံမြေနှင့်နှစ်ရှည် (၉၀၂.၅) ဧက စုစုပေါင်း (၉၇၁.၅) ဧက ရှိပါသည်။ ထမင်းမစား ကျေးရွာတွင် မြေယာပိုင်ဆိုင်မှု မရှိသော အိမ်ထောင် စုမှာ (**၂၀.၃၉%**) ရှိပြီး အများစုသည် စိုက်ပျိုးရေးလုပ်ငန်းခွင်များတွင် နေ့စားကျပန်း လုပ်ကိုင် ကြပါသည်။ ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (**၅၃.၂၉%**)၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (**၁၃.၈၂%**)၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၆.၅၈%)၊ ၁၂.၅ ဧကအထက် တောင်သူကြီး (**၅.၉၂%**) စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးသီးနှံကို အားထားစိုက်ပျိုးကြပါသည်။

ထမင်းမစားကျေးရွာ တွင် ရာဘာနှင့်ကွမ်းကို အဓိက စိုက်ပျိုးပါသည်။ကွမ်းသီးမှာ ရာသီဥတုအပေါ် မူတည်ပြီး အထွက်နှုန်းကွာဟမှုရှိပါသည်။ပိဿာဖြင့် ရောင်းချကြပြီး ဈေးနှုန်းကောင်းသည့်အချိန်တွင် (၁)လုံးလျှင် (၁၇)ကျပ်ဖြင့် ရောင်းချကြရပါသည်။ ရာဘာမှဥ္ဇီ ပိဿာဖြင့် ရောင်းဝယ်ကြပြီး အမြင့်ဆုံး (၁)ပိဿာ (၃၇၀၀)ကျပ်ရရှိပါသည်။

ထမင်းမစားကျေးရွာတွင် လက်တွန်းထွန်စက်ပိုင်ဆိုင်သည့် အိမ်ထောင်စု (**၁၀**)စုရှိပြီး ငှါးရမ်းလုပ်ကိုင်သည့်အိမ်ထောင်စု(**၅၀**)စုရှိပြီး ကျန်အိမ်ထောင်စုများမှာ ကျွဲနွားများဖြင့် လုပ်ကိုင်ကြပါသည်။ လယ်ထွန်စက်ငှါးရမ်းခ (**၁**)ကေလျှင် စပါး(**၁၂**)တင်း(**သို့မဟုတ်**) (**၁**)ကေလျှင် ငွေကျပ်(**၇၀၀၀၀**)ခန့်ပေး ရပါသည်။ ခြွေလှေ့စက် ပိုင်ဆိုင်သည့် အိမ်ထောင်စု (**၉**)စုရှိပြီး ငှါးရမ်းခ လုပ်ကိုင်သည့် အိမ်ထောင်စု(**၅၁**)စုရှိပြီး ငှါးရမ်းခ စပါးတင်း(**၁၀၀**)၌ (**၆**)တင်း ပေးရပါသည်။ စပါးစိုက်ပျိုး/ရိတ်သိမ်းချိန်၌ လယ်ယာသုံး စက်ကိရိယာများ မလုံလောက်သဖြင့် ငှားရမ်းအသုံးပြုရ သောကြောင့် အချိန်မီ မစိုက်ပျိုးနိုင်ခြင်း၊ ရိတ်သိမ်း နောက်ကျသဖြင့် လယ်ယာသုံး စက်ကိရိယာများ လုံလောက်စွာ သုံးစွဲနိုင်ရန် အရစ်ကျ စနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်လိုအပ်နေပါသည်။

ထမင်းမစားကျေးရွာတွင် စိုက်ပျိုးရေးအတွက် သဘာဝမြေဆွေး / အော်ဂဲနစ် မြေသြဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ ၊ သီးနှံမျိုးစေ့ ၊ဓာတုပိုးသတ်ဆေး၊

ဓာတ်မြေသြဇာနှင့် အခြား ဓာတုဗေဒသွင်းအားစုများ၊ နည်းပညာဝန်ဆောင်မှုရရှိခြင်းတို့က စိုက်ပျိုးရေး လုပ်ကိုင်ရန် အလားအလာကောင်းများရရှိနိုင်ပါသည်။

ထမင်းမစားကျေးရွာတွင် လယ်ယာမြေ မတိုးချဲ့နိုင်ခြင်း၊စိုက်ပျိုးရေး နည်းပညာ လိုက်နာမှုအားနည်းခြင်း၊ မြေယာပိုင်ဆိုင်မှုဆိုင်ရာ နည်းဥပဒေ မသိရှိခြင်း ၊လယ်ယာ သုံးစက်ကိရိယာများ မလုံလောက်ခြင်းတို့က စိုက်ပျိုးရေးလုပ်ကိုင်ရန် အဟန့်အတား များ ဖြစ်စေပါသည်။စိုက်ပျိုးရေးနည်းပညာဝန်ဆောင်မှု ရရှိသော်လည်း ပုံမှန် မရရှိခြင်းကြောင့် စိုက်ပျိုးရေး နည်းပညာဝန်ဆောင်မှုများ ပုံမှန်ကျင်းပနိုင်ရေး သက်ဆိုင်ရာ ဌာနများ ဖြင့် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်နေပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ထမင်းမစားကျေးရွာတွင် ကျွဲ၊နွား၊ဝက် တို့အား တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပြီး စီးပွားဖြစ် မွေးမြူသည့်အိမ်ထောင်စုများ ရှိပါသည်။ထမင်းမစားကျေးရွာတွင် ကြက်/ ဝက်မွေးမြူ ရေးလုပ်ငန်းအား တနိုင်တပိုင်လုပ်ကိုင်နေသူများအနက် တချို့မှာ အိမ်ခြံဝင်း မြေနေရာ လုံလောက်မှုအခက်အခဲ များရှိပါသည်။ ဝက်များကို လာရောက်ဝယ် ယူနိုင်သည့် ပွဲစားများ ရှိပါသည်။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်း တိုးတက်ရေးအတွက် နည်းပညာနှင့် မွေးမြူရေးသင်တန်းများ လိုအပ်လျှက်ရှိပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ထမင်းမစားကျေးရွာအတွင်းရှိ ဝင်ငွေလုပ်ငန်းများသည် လက်လီလက်ကား ရောင်း ဝယ်သူ၊အပ်ချုပ်သူ၊ဝန်ထမ်း၊ပြည်ပသို့ဝင်ငွေအရ သွားရောက်လုပ်ကိုင်သူ တို့ရှိပါသည်။ သဘာဝအရင်းအမြစ်အနည်းငယ်ရှိသော်လည်း စီးပွါးဖြစ် လုပ်ကိုင်ခြင်းမရှိပါ။ မည်သည့် ထုတ်ကုတ်မှုထုတ်လုပ်မှု မရှိခြင်းနှင့် ဈေးကွက်ဆိုင်ရာချိတ်ဆက်မှုအားနည်းခြင်း၊ အသက် မွေးဝမ်းကျောင်းပညာများ လက်လှမ်း မှီမှုအားနည်းခြင်း၊ မိရိုးဖလာ ဥယျာဉ်ခြံ လုပ်ငန်းကိုသာ လုပ်ကိုင်ကြပါသည်။ ထို့ကြောင့် အသက် မွေးဝမ်း ကျောင်းလုပ်ငန်း (ဆိုင်ကယ်၊ ဖုန်းပြင်၊ လက်သမား၊ပန်းရံ ၊ စက်ချုပ်၊ စက်ပြင်၊ မုန့်လုပ်) သင်တန်းများ ဆောင်ရွက်ခြင်း ပြုလုပ်ပေးခြင်းအတွက် နည်းပညာ ဝန်ဆောင်မှုများ ရရှိရန် လိုအပ် နေပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ထမင်းမစားကျေးရွာတွင် စိုက်/ဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေး ပေးပြီး (၁) ကေလျှင် တစ်သိန်းခွဲကျပ်နှုန်းဖြင့် ထုတ်ချေးပေးပါသည်။အတိုးနှုန်းမှာ (၀.၆၇) ကျပ်နှုန်းဖြစ်ပါသည်။ ထုတ်ချေးသည့်ကာလမှာ (၆)လဖြစ်ပါသည်။လယ်သမားများအနေဖြင့် (၁)ကေ လျှင်(၁၅၀၀၀၀)ကျပ်နှုတ်းဖြင့် လုံလောက်ခြင်းမရှိပါ။ ထို့အပြင် စိုက်/ဘဏ်ချေးငွေကို ပြန်လည် ပေးဆပ်ရန် အချိန်ကျလာပါက စိတ်ကြိုက်ဈေးနှုန်းမရရှိဘဲ ရောင်းချခြင်း ပြုလုပ် ရပါသည်။ လယ်သမားများအနေဖြင့် ထုတ်ချေးငွေတိုးမြင့်ပေးပါရန်နှင့် ပြန်ဆပ်ရမည့်အချိန်ကာလ ကြာမြင့် ပေးပါက ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် အတိုးနှုန်းသက်သာသော ကာလရှည် ချေးငွေများ ရရှိရန် လိုအပ်နေပါသည်။ ထမင်းမစားကျေးရွာတွင် ချေးငွေအတွက် Hana, Vision Fund တို့မှ အတိုး (၂ကျပ် ၂၀ပြား)ဖြင့် ၅သိန်းမှ ၁၅သိန်းအထိ ပိုင်ဆိုင်မှုပြု၍ (၁)နှစ်ကာလ ကြာမြင့်စွာ ထုတ်ချေးပေးလျှက်ရှိပါသည်။ သမဝါယမရုံးတွင် အသင်းဝင်၍ ငွေစု/ငွေချေး စနစ်ဖြင့် (၁ကျပ်) အတိုးနှုန်းနှင့် (၆)လကြာပြန်ဆပ်ရပြီး ဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငှား ကြရပါသည်။ ကျေးရွာတွင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် အဖွဲ့ဝင်၍ ငွေစု/ ငွေချေးစနစ်ဖြင့် (၂ကျပ်)အတိုးနှုန်းနှင့် (၃)လကြာပြန်ဆပ်ကြရပါသည်။ မြစိမ်းရောင်ကျေးရွာစီမံကိန်း မတည်ရန်ပုံငွေကျပ်သိန်း(၃၀၀)မှ လည်းချေးငွေများ ရရှိပါသည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ထမင်းမစားကျေးရွာတွင် ကုန်းလမ်းကိုသာ အဓိကထား အသုံးပြုကြပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ဆိုင်ကယ်များ၊ ထော်လာဂျီများနှင့် ကားများကိုသာ အဓိကထား အသုံးပြုကြပါသည်။ မြိတ်-ထားဝယ် ကားလမ်းမကြီး ဖောက်လုပ်ပြီးစီးသည့် အချိန်မှစ၍ ကုန်းလမ်း ခရီးကို ပိုမိုအသုံး ပြုနိုင်ခြင်းကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဘက်ဘက်မှ မြင့် တက်လာပြီး ကုန်စည်စီးဆင်းမှုမှာ လည်း လျင်မြန်လာပါသည်။ သို့ရာတွင် အချို့အိမ်ထောင် စုများမှာ ကိုယ်ပိုင်ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ် ပြဿနာများဖြစ် ပေါ်လာ သည့်အခါအခက်အခဲများ ဖြစ်နေရပါသည်။

ထမင်းမစားကျေးရွာသည် ဟိုင်းဝေးလမ်းမပေါ်တွင် တည်ရှိပါသည်။ ထမင်းမစားရွာတွင်းလမ်း (၁၃၂၀'-၁၂'-၄")ကို ကွန်ကရစ်လမ်းအဖြစ် နှင့် ထမင်းမစား-ဆယ်အိမ်စု ကျေးရွာချင်းဆက်မြေသားလမ်း(၂.၇)မိုင်ကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်မည်ဆိုပါက တခြားကျေးရွာများမှ ကုန်စည်ကူးသန်းရောင်းဝယ်မှုနှင့် လူမှုရေး အတွက် အခွင့်အလမ်းများ ရရှိနိုင်လာမည်ဖြစ်သောကြောင့် လေ့လာတွေ့ရှိရပါသည်။ ရွာတွင်းလမ်း (၄)လမ်းပေါင်း (၅၆၄၀)ပေမှာလည်း ရေးကြီးရေလျှံခြင်းကြောင့် ကျောင်းသား/ သူများ သွားလာရခက်ခဲခြင်းကြောင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။

ထမင်းမစားကျေးရွာမှ ပလောက်မြို့သွားသည့် ဟိုင်းဝေးလမ်းမကြီး ပေါ်တွင် **Rc** ကွန်ကရစ်တံတား(၃၀)ပေ တံတားမှာ ကောင်းမွန်မှုရှိပါသည်။ ထမင်းမစား-လယ်ဖက်လမ်းပေါ်တွင်ကွန်ကရစ်တံတား (၂၀'-၁၈') (၁)စင်း ပြုပြင်တည်ဆောက်ရန် လိုအပ် နေပါသည်။

## (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မီးတိုင်များ ရောက်ရှိနေသော်လည်း မီးမရရှိသေးပါ။ (၂၄)နာရီမီးလျှပ်စစ်မီးရရှိပါက ကျေးရွာအတွင်း ကျောင်းသား /သူများ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာခြင်း၊ လုံခြုံမှု ပိုမိုကောင်းမွန်လာခြင်း၊ အိမ်ရှင်မများအနေဖြင့် အချိန်မီချက်ပြုတ်နိုင်ခြင်း၊ အသေးစားစီးပွားရေး လုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း လူနေမှုအဆင့်အတန်းမြင့်မားလာပါသည်။ ကျေးရွာတွင် ဒီဇယ်အင်ဂျင်မီးစက်(၁၀)အိမ်စု ပိုင်ဆိုင်ပြီး ၎င်းတို့မှ အိမ်အနီးအနားဝန်းကျင်သို့ ဖြန့်ဝေသုံးစွဲ နေကြပါသည်။ ထို့ကြောင့် အိမ်တိုင်းစေ့(၂၄)နာရီမီး အမြန်ရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်နေပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ထမင်းမစားကျေးရွာတွင် သတင်းနှင့်ဆက်သွယ်ရေးကိစ္စများတွင် ဖုန်း (၃၉၄) လုံး၊ တီဗွီ (၂၅) လုံး၊ ဗြိုလ်တုစလောင်း (၂၅) လုံး စသည်တို့မှ ရရှိသည့်အပြင် ကျေးရွာတွင် တာဝါတိုင် (၁)တိုင်ရှိသည့်အတွက် အင်တာနက်မှလည်း သတင်းနှင့် အချက်အလက်များကို အချိန်နှင့် တပြေးညီ သိရှိနိုင် ပါသည်။ ထမင်းမစားကျေးရွာတွင် တာဝါတိုင်ရှိသည့်အတွက် အင်တာနက်လိုင်း အားကောင်းပါသည်။ ဘေးကင်းလုံခြုံရေးအတွက် မည်သည့်အဖွဲ့အစည်းမှသင်တန်းပေးခြင်း ကြိုတင်စီမံပေးခြင်းမရှိပါ။ ပုလော၊ ပလောက် မြို့တွင်သာ ရဲစခန်းရှိပါသည်။

## ၆။ ပညာရေး

ထမင်းမစားကျေးရွာတွင် စာမတတ်သူ (၀.၃၈%)ရှိပါသည်။ ကျေးရွာ လူဦးရေ၏ (၅၇.၇၁%) မှာ မူလတန်းအဆင့် ပညာရေးသာ ပြီးမြောက်မှု ရှိကြပြီး၊ အလယ်တန်း အဆင့်အထိတတ်မြောက်သူ (၁၆.၁၈%)၊ အထက်တန်းအဆင့်တတ်မြောက်သူ (၄.၉၇%)၊ တက္ကသိုလ်/ ကောလိပ် အဆင့်ရှိသူဦးရေမှာလည်း(၃.၁၈%) အထိရှိပြီး အတန်းပညာ တတ်မြောက်မှု တိုးတက်လာသောကြောင့် အနာဂတ်ကာလ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် လူ့စွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်လာကြပါမည်။

ထမင်းမစားကျေးရွာပိုင် အလယ်တန်းကျောင်းတွင် ပညာသင်ကြားနိုင်ပြီး နီးစပ်ရာ ပုလောပလောက်နှင့် တခြားသောနေရာများတွင် အထက်တန်း အဆင့်များကို ဆက်လက် ပညာသင်ယူနိုင်ပါသည်။ ယခုလက်ရှိကျောင်းဆောင်(၃)ဆောင်ရှိပါသည်။ ပထမအဆောင် (၉၀'x၃၀'x၁၂') ဆောင်တွင် အမိုးများ ပျက်စီးနေပါသဖြင့် ပြန်လည်ပြုပြင် ရန်လိုအပ်နေ ပါသည်။ ဒုတိယအဆောင်(၁၈၀' x ၃၀' x ၁၂')ဆောင်တွင် မျက်နှာကျက် ပျက်စီးနေပါသဖြင့် ပြန်လည် ပြုပြင်ရန် လိုအပ်နေပါသည်။ သင်ထောက်ကူပစ္စည်းများ (ကွန်ပျူတာ)များ ဖြည့်တင်းခြင်း၊ ဆရာ/မ များလုံလောက်စွာ ဖြည့်တင်းခြင်းများ ပြုလုပ်ရန် လိုအပ်နေပါသည်။ သောက်သုံးရေမှာ စိမ်းစမ်းရေသွယ်တန်းခြင်းမှ ရရှိသောကြောင့် အဆင်ပြေပြီး အိမ်သာအခြေအနေမှာ အသင့်အတင့် ကောင်းမွန်မှုရှိပါသည်။

ထမင်းမစားကျေးရွာတွင် ပညာရေးအခမဲ့စနစ်အား အကောင်အထည်ဖော် နေသည့် အတွက် ဆင်းရဲသောမိသားစုများသည် အခက်အခဲမရှိ ကျောင်းတက် နေရပါသည်။ ကျောင်း၏ လိုအပ်ချက်များအားလုံးကို မိဘဆရာအသင်းမှ ဝိုင်းဝန်းကူညီဆောင်ရွက် ပေးလျှက် ရှိပါသည်။ဗလာစာအုပ် ပြဌာန်းပုံနှိပ်အပြည့်အစုံတစ်စုံစီကို ပညာရေးဦးစီးဌာနမှ ပံ့ပိုးပေးပြီး လေ့ကျင့်ခန်းသာအုပ်နှင့် စာရေးကိရိယာများကို သာ ဝယ်ယူသုံးစွဲရပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ထမင်းမစားကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေး ရောဂါ များ သည် မိုးရာသီတွင်အဖြစ်များသော်လည်း ကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက် ကုသကြသဖြင့် သက်သာပျောက်ကင်းကြပါသည်။ ထမင်းမစားကျေးရွာရှိ ကျေးလက် ကျန်းမာရေး ဌာန(ခွဲ) သွားဖွါးဆရာမမှ ကိုယ်ဝန်ဆောင်မိခင်များအတွက် ကာကွယ်

ဆေးထိုးခြင်း၊ ကလေးသူငယ် ကာကွယ်ဆေး တိုက် ကျွေးခြင်း၊ အခြားစုပေါင်း ကာကွယ်ဆေးထိုးပေးခြင်းနှင့် အာဟာရပညာပေး အစီအစဉ်များ ပြုလုပ် ပေးခြင်းစသည် တို့ကို လုပ်ဆောင်ပေးလေ့ရှိပါသည်။ထမင်းမစားကျေးရွာတွင် ကျေးလက်ကျန်းမာ ရေးဌာန (ခွဲ)(၁)ခုရှိပြီး သားဖွားဆရာမမှ ကျန်းမာရေးကိစ္စအဝဝအတွက် ဆောင်ရွက်ပေး လျက်ရှိပါ သည်။ ကလေး သူငယ်နှင့် ကိုယ်ဝန်ဆောင်များ ကာကွယ်ဆေး ထိုးခြင်း၊ ကလေး မွေးဖွါးခြင်း၊ ရောဂါများ ကုသ ပေးခြင်း၊ လိုအပ်သော ဝန်ဆောင် မှုများအား စေတနာထား ကုသပြုစုပေးလျှက်ရှိသောကြောင့် အခက်အခဲ မရှိပါ။ နာတာရှည် ရောဂါများအား ပုလောမြို့ ဆေးရုံ တို့တွင် သွားရောက်ကုသမှုခံ ယူကြရပါသည်။

ထမင်းမစားကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် အစိုးရ စိမ့်စမ်းရေသွယ်တန်းခြင်းမှ ရရှိပြီး (၁)ယူနစ်(၁၀၀)ကျပ်ပေးရပါသည်။ သောက်သုံးရေအတွက် အခက်အခဲမရှိပါ။

ထမင်းမစားကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲသည့် အိမ်ထောင်စု (၁၃၉)အိမ်ရှိပြီး ရွာလုံး ကျွတ် သန့်ရှင်းသော အိမ်သာသုံးစွဲနိုင်ရေး ကျန်းမာရေးအတွက် ကြိုတင် ကာကွယ်သော အနေဖြင့် ကျေးရွာသူ/ သားများအတွက် ဝမ်းရောဂါနှင့် ပတ် သက်သော ရောဂါများ၊ ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေး ရန် ဆန္ဒရှိကြပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ထမင်းမစားကျေးရွာမှ စိုက်ပျိုးမြေများတွင် သဘာဝမြေဩဇာကို ပြန်လည် ဖြည့်တင်းသုံးစွဲမှုမရှိတော့သည်မှာ ကာလကြာမြင့်ခဲ့သည်အပြင် လယ်စိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံ စိုက်ပျိုးခြင်းများတို့တွင် ဓာတုမြေဩဇာအား သုံးစွဲမှု မြင့်မားလာသည့် အတွက် နောင်တချိန်တွင် မြေဆီလွှာပျက်စီးခြင်းများဖြစ်ပေါ်လာနိုင်ပါသည်။ စိုက်ပျိုးသီးနှံများတွင် ပိုးမွှားရောဂါကာကွယ် နှိမ်နှင်းသည့် နည်းလမ်းများ သိရှိရန် လိုအပ်ဆဲ ဖြစ်ပါသည်။ စွန့်ပစ်ပစ္စည်းများကို မီးရှို့ခြင်း၊ သစ်ပင်ရင်းတွင် ပုံခြင်း ကဲ့သို့သော အလေ့အကျင့် များရှိသော်လည်း တရွာလုံးပါဝင်၍ စနစ်တကျ စွန့်ပစ်သည့် စနစ်မရှိသေးပါထို့နောက် သစ်တောပြုန်းတီးမှုများ ရှိနေသဖြင့် သဘာဝပတ်ဝန်းကျင် ဘေးအန္တရာယ် လျှော့ခ ျရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ် ပေးရန် လိုအပ်နေပါသည်။ ကျေးရွာတွင် သစ်တောပြုန်းတီးမှု အနည်းငယ်ရှိနေသဖြင့် သစ်တောထိန်းသိမ်းကာကွယ်ရန်အတွက်

ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ထမင်းမစားကျေးရွာတွင် အပန်းဖြေအနားယူရန်အတွက် နေရာမရှိသော်လည်း လက်လှမ်းမှီနေရာဖြစ်သော ပုလော ဖိုးရှမ်းကမ်းခြေတွင် အနားယူနိုင်ပါသည်။ ကျေးရွာ တွင် စာကြည့်တိုက်ရှိသော်လည်း လူငယ်များမှာ စာဖတ်ခြင်းတွင် အားနည်းနေကြောင်း တွေ့ရှိရသဖြင့် စာကြည့်တိုက် ပြန်လည်ပတ်နိုင်ရေး ဆွေးနွေးလုပ်ဆောင်ပေးပါက ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများ ရှိလာနိုင်ပါသည်။ ကာလသား၊ ကာလသမီးအဖွဲ့များ ဖွဲ့စည်းကာ ကျေးရွာ၏ သာရေးနာရေး၊ ကျေးရွာဖွံ့ဖြိုး ရေး၊ ဘာသာရေး၊ ပရဟိတလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင် ရွက်နေသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် လူငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင် သင်တန်းများ ဖွင့်လှစ်ပေးရန် လိုအပ်နေပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ

| No. | Sector | Subsector | Project Keyword | Project & Activities | Remark |
|---|---|---|---|---|---|
| စဉ် | ကဏ္ဍ | ကဏ္ဍခွဲ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း | ကျေးလက် လမ်းတံတား | ထမင်းမစားရွာတွင်းလမ်းခင်းခြင်း(၁၃၂၀'-၁၂'-၄")အား ကွန်ကရစ် လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း။ | ပထမ |
| ၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း | ကျေးလက် လမ်းတံတား | ထမင်းမစား-ဆယ်အိမ်စု ကျေးရွာချင်းဆက် လမ်း (၂.၇)မိုင်အား ကျောက်ချောလမ်း အဖြစ် အဆင့်မြှင့်တင်ခြင်း။ | ဒုတိယ |
| ၃ | အခြေခံအဆောက်အဦ | ကျေးလက် ရေပေးဝေရေး | သောက်သုံးရေ | ကျေးရွာတွင်း(၄)လမ်း(၅၆၄၀)ပေအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း | တတိယ |
| ၄ | ပညာရေး | အခြေခံ ပညာရေး ဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | သင်ထောက်ကူပစ္စည်းများ(ကွန်ပျူတာ)စသည်) များလုံလောက်စွာ ဖြည့်တင်းခြင်း | |
| ၅ | ပညာရေး | အခြေခံ ပညာရေး ဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ဆရာ/မများ လုံလောက်စွာ ဖြည့်တင်းခြင်း | |
| ၆ | ပညာရေး | အခြေခံ ပညာရေး ဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | အလယ်တန်းဆောင်(၃၀'-၉၀') အမိုးပြုပြင်ခြင်း | |

| No. | Sector | Subsector | Project Keyword | Project & Activities | Remark |
|---|---|---|---|---|---|
| ၇ | ပညာရေး | အခြေခံ ပညာရေး ဆိုင်ရာ | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းဆောင်(၁၈ဝ'-၃ဝ') မျက်နှာကျက်ပြုပြင်ခြင်း | |
| ၈ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် | သဘာဝအရင်းအမြစ် အခြေခံ စီးပွားရေးလုပ်ငန်းများ | သစ်တော | သစ်တောထိန်းသိမ်းကာကွယ်ရန်အတွက် ဟောပြောပွဲများ ပြုလုပ်ခြင်း | |
| ၉ | သဘာဝသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် | အသိပညာပေးဆွေးနွေးပွဲ | အညစ်အကြေး | အမှိုက်စနစ်တကျစီမံခန့်ခွဲနိုင်ရေး စီမံဆောင်ရွက်ခြင်း | |
| ၁ဝ | အခြေခံအဆောက်အဦ | ကျေးလက် လမ်း၊ ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း | ကျေးလက် လမ်းတံတား | ကွန်ကရစ်တံတား(၂ဝ'-၁၈') တည်ဆောက်ခြင်း | |
| ၁၁ | လျှပ်စစ် | အခြားနည်းစနစ်များဖြင့် မီးလင်းရေး | အခြားနည်းစနစ်များဖြင့် မီးလင်းရေး | အိမ်တိုင်းစေ့(၂၄)နာရီမီး အမြန်ရရှိရေး သက်ဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | |
| ၁၂ | ကျန်းမာရေး | အခြေခံကျန်းမာရေးဝန်ဆောင်မှု၊ကျေးလက်ကျန်းမာရေး ဝန်ဆောင်မှု၊ကျေးလက်အခြေပြု၊လူထုအခြေပြုကျန်းမာရေး ဝန်ဆောင်မှု | ကျန်းမာရေး၊ပညာပေး၊ကျောင်းကျန်းမာရေး | ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း | |
| ၁၃ | လူငယ်နှင့်အားကစား | လူငယ်အရည်အသွေးနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးရေး | အမျိုးသမီး | မူးယစ်ဆေးဝါး သုံးစွဲမှု လျှော့ချရေးအတွက် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်း | |

| No. | Sector | Subsector | Project Keyword | Project & Activities | Remark |
|---|---|---|---|---|---|
| ၁၄ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | ခေါင်းဆောင်မှုသင်တန်း | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | ခေါင်းဆောင်မှု၊စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ စီစဉ်ပေးခြင်း | |
| ၁၅ | ထုတ်ကုန်လုပ်ငန်းနှင့် အသေး စား အလတ်စား စီးပွါးရေးလုပ်ငန်းများဆိုင်ရာ | အခြားထုတ်ကုန်လုပ်ငန်းများ အသေးစား အလတ်စားနှင့် အကြီးစား လုပ်ငန်းဆိုင်ရာများ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသက်မွေးဝမ်းကျောင်းသင်တန်းများ(ဆိုင်ကယ်ပြင်၊ဖုန်းပြင်၊လက်သမား/ပန်းရံ၊မုန့်လုပ်သင်တန်း၊စက်ချုပ်သင်တန်းများ) ပြုလုပ်ပေးခြင်း | |
| ၁၆ | မွေးမြူရေး နှင့်ငါးလုပ်ငန်း မွေးမြူရေးဆေးပညာ | မွေးမြူရေးနှင့် ကုသရေး ပညာပေး၊နည်းပညာ ပြန့်ပွါးရေး | နည်းပညာ | မွေးမြူရေးဆိုင်ရာ နည်းပညာပေးသင်တန်းများ ပြုလုပ်ပေးခြင်း | |
| ၁၇ | စိုက်ပျိုးရေး | စိုက်ပျိုးရေးနည်းပညာ | နည်းပညာ | စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်း | |
| ၁၈ | စိုက်ပျိုးရေး | လယ်ယာလုပ်ငန်းသုံးစက်ကိရိယာနှင့် စက်မှုလယ်ယာ | စက် | လယ်ယာသုံးစက်ကိရိယာများ အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်း | |
| ၁၉ | ငွေကြေး | ရပ်ရွာအခြေပြုငွေကြေးဝန်ဆောင်မှု | ရပ်ရွာအခြေပြု | အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများ လိုအပ်ခြင်း | |
| ၂၀ | လူငယ်နှင့်အားကစား | လူငယ်အရည်အသွေးနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးရေး | အမျိုးသမီး | အမျိုးသမီးများ တရားဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲ | |

| No. | Sector | Subsector | Project Keyword | Project & Activities | Remark |
|---|---|---|---|---|---|
| ၂၁ | လူငယ်နှင့်အားကစား | အသိပညာပေးဆွေးနွေးပွဲ | လူငယ်<br>အခွင့်အရေး | စာကြည့်တိုက် ပြန်လည်ပတ်နိုင်စေရန် ဆွေးနွေးလုပ်ဆောင်ခြင်း | |

နောက်ဆက်တွဲ (၁)

## ထမင်းမစားကျေးရွာ၊ ထမင်းမစားကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးမြင့်လွင် | ဦးသာထင် | ၆/ပလန(နိုင်)၀၈၄၄၅၆ | ၅၁ | နာယက | - |
| ၂ | ဦးထွန်းနိုင် | ဦးသန်းလှ | ၆/ပလန(နိုင်)၀၆၇၆၁၉ | ၆၁ | ရပ်မိရပ်ဖ | - |
| ၃ | ဦးအေးလွင် | ဦးကျော်ထွန်း | ၆/ပလန(နိုင်)၀၃၄၇၅၃ | ၅၉ | ရပ်မိရပ်ဖ | - |
| ၄ | ဦးစိန်သန်း | ဦးစိုးသက် | ၆/ပလန(နိုင်)၀၆၀၃၃၂ | ၅၇ | ရပ်မိရပ်ဖ | - |
| ၅ | ဦးစိန်နိုင် | ဦးထွန်းဝင်း | ၆/ပလန(နိုင်)၀၄၃၄၀၃ | ၅၈ | ရပ်မိရပ်ဖ | - |
| ၆ | ဦးသက်လွင် | ဦးကြင်ဆိုင် | ၆/ပလန(နိုင်)၀၃၄၈၂၉ | ၅၄ | ဥက္ကဋ္ဌ | - |
| ၇ | ဦးသန်းထွေး | ဦးပါစိန် | ၆/ပလန(နိုင်)၀၃၄၇၇၈ | ၅၃ | အတွင်းရေးမှူး | - |
| ၈ | ဦးစိုးဝင်း | ဦးအောင်တင် | ၆/ပလန(နိုင်)၀၃၁၉၉၆ | ၅၀ | ဘဏ္ဍာရေးမှူး | - |
| ၉ | ဦးသိန်းဌေး | ဦးစိန်နိုင် | ၆/ပလန(နိုင်)၀၃၄၃၀၉ | ၄၉ | စာရင်းကိုင် | - |
| ၁၀ | ဦးသိန်းထွေး | ဦးညဏ်ငွေ | ၆/ပလန(နိုင်)၀၄၈၆၁၁ | ၅၀ | စာရင်းစစ် | ၀၉၂၆၈၅၉၃၀၆၂ |
| ၁၁ | ဒေါ်သိန်း | ဦးမောင်အေး | ၆/ပလန(နိုင်)၀၆၀၃၇၅ | ၅၂ | အဖွဲ့ဝင် | - |
| ၁၂ | ဒေါ်ပုလုံး | ဦးမောင်ဝင်း | ၆/ပလန(နိုင်)၀၆၂၅၀၃ | ၅၁ | အဖွဲ့ဝင် | - |
| ၁၃ | ဒေါ်အေး | ဦးအောင်ဖေ | ၆/ပလန(နိုင်)၀၅၅၃၈၈ | ၅၀ | အဖွဲ့ဝင် | - |

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁၄ | ဦးအောင်ညွှတ် | ဦးအောင်တင် | ၆/ပလန(နိုင်)၀၆၀၁၄၂ | ၅၅ | အဖွဲ့ဝင် | - |
| ၁၅ | ဦးအုန်းမြင့် | ဦးကျော်သိန်း | ၆/ပလန(နိုင်)၀၃၄၇၃၉ | ၅၆ | အဖွဲ့ဝင် | - |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၅ | ၁၀ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၅ | ၂၉ | ၅၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၈ | ၂၅ | ၅၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၃ | ၄၈ | ၉၁ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၆၄ | ၂၇၄ | ၅၃၈ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၆ | ၂၃ | ၃၉ |
| **စုစုပေါင်း** | | **၃၈၁** | **၄၀၇** | **၇၈၅** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၅၂** | | |

**ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။**

**လေ့လာတွေ့ရှိချက်။** ။ ထမင်းမစားကျေးရွာသည် အိမ်ထောင်စု (၁၅၂)စု ၊ လူဦးရေ(၇၈၅)ဦး ရှိပါသည်။ ထမင်းမစားကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် **(၁.၂၇)%**၊ ၅နှစ်အောက်ကလေးငယ်(၆.၈၈)%၊ မူလတန်း ကျောင်းသား အရွယ် **(၆.၇၅)**%၊ အလယ်တန်း ကျောင်းသား အရွယ် **(၁၁.၅၉)%**၊ အလုပ်လုပ်နိုင်သည့်အရွယ် **(၆၈.၅၄)**%၊ သက်ကြီးရွယ်ကြီးအရွယ် **(၂.၁၉%)** ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ **(၃၁.၄၆%)**သည် မှီခိုသူများဖြစ်ကြပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် **(၅.၁၆)**ဦးနှုန်း ထက်ပိုသောကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုး ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး (ဥယျာဉ်ခြံ)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၇ | ၁၄၃ | ၅၀ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၉ | ၁၉ | မြင့်☐လတ်☐နိမ့်☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၂၁ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | - | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | - | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၃ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁၀ | မြင့်☐လတ်☐နိမ့်☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၃ | - | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၈ | ၃၂ | - | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၅ | မြင့်☐လတ်☐နိမ့်☑ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | ၁၁ | ၁ | မြင့်☐လတ်☑နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | မြင့်☐လတ်☐နိမ့်☑ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | တက္ကသိုလ်နှင့်နီးသောကြောင့် ကိုယ်ပိုင်အဆောင်များဖွင့်ခြင်း |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် | ၃၉ | ၆၉ | ၈၅ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၁၅၂ | ၂၇၁ | ၁၉၄ | ☒ |

**ရင်းမြစ်**… (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ထမင်းမစားကျေးရွာတွင် အလုပ်လုပ်နိုင်သောစုစုပေါင်းလူဦးရေမှာ **(၅၃၈)**ရှိပြီး ကျား(၂၆၄) ဦး ၊မ(၂၇၄) ဦးရှိသောကြောင့် အမျိုးသမီးလုပ်သား အင်အားမှာ ပိုမိုပါ **သည်။** ထမင်းမစားကျေးရွာတွင် လယ်နှင့် ရာဘာခြံများကို ဦးစားပေး စိုက်ပျိုးလုပ်ကိုင်ကြပြီး အဆိုပါလုပ်ငန်းများတွင် နေ့စားလုပ်သားများ၊ အစေးခြစ် လုပ်သားများအဖြစ် လုပ်ကိုင်နေကြသည့် အိမ်ထောင်စုများလည်း ရှိကြပါသည်။ တိရစ္ဆာန် မွေးမြူရေးကို စီးပွားဖြစ် လုပ်ကိုင် နေကြသည့် အိမ်ထောင်စု(၁)စု ရှိပြီး တစ်ပိုင်တစ်နိုင် အဖြစ် မွေးမြူနေကြသူများလည်း ရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် လက်သမား၊ ပန်းရံ အဖြစ် လုပ်ကိုင်ကြသည့် အိမ်ထောင်စုများ၊အပ်ချုပ်ခြင်း လုပ်ကိုင်သည့် အိမ်ထောင်စု များလည်း ရှိပါသည်။ ထို့အပြင် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များ လုပ်ကိုင်ကြပြီး ကျောင်းဆရာမ များ၊ ကျန်းမာရေး ဝန်ထမ်းများအဖြစ် လုပ်ကိုင်နေကြသူများလည်း ရှိကြပါ သည်။ အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါးသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးသောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွား ရောက်လုပ်ကိုင်သည့် ဦးရေ အနည်းငယ် ပိုများရခြင်း ဖြစ်ပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃)  လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | - | - | - | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၁၀၀၀၀ | - | ၇၀၀၀ | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၇၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | ၁၀၀၀၀ | - | ၇၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

**လေ့လာတွေ့ရှိချက်။ ထမင်းမစားကျေးရွာတွင်** လယ်ယာလုပ်ငန်းနှင့် ဆောက်လုပ် ရေးလုပ်ငန်းများ၊ အကြမ်းအလုပ် များ၌ ဝင်ငွေရရှိမှုများစွာ မကွာခြားသော်လည်း လုပ်ငန်း ကျွမ်းကျင်မှုအပေါ် အခြေခံ၍ လုပ်ကိုင်ရ သည့် အလုပ်များတွင်မူ ကျား/မ ဝင်ငွေ ရရှိမှု များစွာ ကွာခြားပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၆၉ | ကောင်း ☐ သင့် ☑ ညံ့ ☑ |
| **ယာမြေ / တောင်ယာမြေ** | ၅ | ကောင်း ☐ သင့်☑ ညံ့ ☑ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ဥယျာဉ်ခြံမြေ | ၉၀၂ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| နှစ်ရှည်သီးနှံစိုက်ခင်း | ၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့်☑ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၉၇၁.၅ | ☒ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ထမင်းမစားကျေးရွာတွင် မိုးစပါးကို အဓိကထားလုပ်ကိုင်ကြပါသည်။ ထို့အပြင်ဥယျာဉ်ခြံနှင့်နှစ်ရှည် လုပ်ငန်းများကို ကိုယ်ပိုင်လုပ်ကိုင်ကြပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ် ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☑ နည်း☐ မရှိ☐ | လွယ်☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ် ☐ခက်☑ အသုံးမပြုနိုင်ပါ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ထမင်းမစားကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာအခြားတွင်းထွက်သယံဇာတများ မထွက်ရှိပါ။ သဘာဝအရင်းအမြစ်များဖြစ်သည့် သဲ၊ကျောက်၊ ကျောက်စရစ်များ ကို ပြည်ခြားကျေးရွာမှ ဝယ်ယူနိုင်ပါသည်။ သဘာဝဆေးဖက်ဝင်အပင်များနှင့် ဂျာမနီ၊ဆင်တုံးမနွယ်

**စသည်တို့ ပေါက်ရောက်ပြီး သဘာဝ တိရစ္ဆာန်မျိုးစိတ်များရှားပါးနေပြီဖြစ်ပါသည်။**

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၉ | ၄၁ | ၆၅ | ၃၇ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ထမင်းမစားကျေးရွာ၏အခြေအနေအား ကျေးရွာသူရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရသိရှိခဲ့ရပါသည်။ အဆင်ပြေ သော အိမ်ထောင်စုမှာ (၅.၉၂%)၊ အလယ်အလတ်အိမ်ထောင်စုမှာ (၂၆.၉၇%) ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ဈေးဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ထိုအိမ်ထောင်စု များသည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သောနှင့် အလွန်မပြေလည်သော အိမ်ထောင်စု များသည် လယ်နှင့်သက်ဆိုင်သော ရာသီအလိုက် လုပ်ငန်းများနှင့် ရော်ဘာအစေး ခြစ်သည့် လုပ်ငန်းခွင်များတွင် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၁ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် | ၁၀ | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ဝမ်းစာဖူလုံမှု | | အထောက်အပံ့ယူ = ______<br>ချေးယူ = ___၆______<br>လုပ်အားခကြိုယူ = ____၄_____ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၇ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______၄____<br>လုပ်အားခကြိုယူ = _____၃_____ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၄ | အခြားအစာပြောင်းလဲစား = ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = __၂______<br>လုပ်အားခကြိုယူ = ____၂______ |

**ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ထမင်းမစားကျေးရွာတွင် ဥစ္စာခနေအဆင့်(၃)နှင့်(၄) အိမ်ထောင်စုပေါင်း၏(၃၀)%စီအား စစ်တမ်းကောက်ယူရာတွင် ကောက်ယူခဲ့ပါသည်။ကျေးရွာတွင် ချေးငှါးခြင်း နှင့် လုပ်အားခ ကြိုတင်ယူခြင်းမျှသာရှိပါသည်။အစားလျှော့စားခြင်း၊ အထောက်အပံ့ ယူခြင်းမရှိပါ။

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၂ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ထမင်းမစားကျေးရွာတွင် စည်းလုံးညီညွတ်မှုရှိခြင်းနှင့် ဆွေးမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦးဝိုင်း ဝန်ကူညီ ကြပါသည်။**

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | **စားနပ်ရိက္ခာ မဖူလုံမှု** | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၂ | **သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)** | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၃ | **ရေကြီးခြင်း** | မြင့် ☐ | လတ် ☑ | နိမ့် ☐ | မရှိ ☐ |
| ၄ | **မိုးခေါင်ခြင်း** | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☑ |
| ၅ | **အအေးလွန်ကဲခြင်း** | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၆ | **မုန်တိုင်း** | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၇ | **လျှော်** | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၈ | **မီးဘေး** | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၉ | **ဆားငန်ရေဝင်မြေ** | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၁၀ | **မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု** | မြင့် ☐ | လတ်☐ | နိမ့်☑ | မရှိ ☐ |
| ၁၁ | **သစ်တောပြုန်းတီးခြင်း** | မြင့် ☑ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၁၂ | **ငှက်ဖျားရောဂါ** | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၁၃ | **တီဘီရောဂါ** | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၄ | **ကိုယ်ခံအားကျဆင်းမှုရောဂါ** | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၅ | **ပြည်တွင်း ပဋိပက္ခ** | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☑ |
| ၁၆ | **တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု** | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☑ |
| ၁၇ | **လူကုန်ကူးခြင်း** | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |
| ၁၈ | **ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်** | မြင့် ☐ | လတ် ☐ | နိမ့် ☑ | မရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ထမင်းမစားကျေးရွာသည် အဝေးပြေးလမ်းမကြီးပေါ်တွင် တည်ရှိပြီး တောတောင်များနှင့်လည်းနီးပါသည်။** ထမင်းမစားကျေးရွာတွင် နေ့စားကျပန်းလုပ်ကိုင်သော အိမ်ထောင်စုများရှိပြီး စားနပ်ရိက္ခာ မဖူလုံမှု အနည်းငယ်သာ ရှိပါသည်။ လုပ်ကိုင်စား သောက်နိုင်သော လယ်၊ ဥယျာဉ်ခြံမြေများ အသင့်အတင့် ရှိသဖြင့် ကျပန်းလုပ်ကိုင်သော မိသားစုများမှ အဆိုပါ လုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရရှိပါသည်။ ရာသီဥတုမှာလည်း အသင့်အတင့် မျှတသော အခြေအနေသာ ဖြစ်ပါသည်။ သစ်တောပြုန်းတီးမှုများ ရှိနေပြီး ကျေးရွာအတွင်းတွင် ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ကိုယ်ခံအားကျဆင်းမှုရောဂါရှိသူ အနည်းငယ်လည်း ရှိပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | **ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ** | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | **လူငယ်** | မြင့် ☐ လတ်☑ နိမ့်☐ မရှိ ☐ |
| ၂ | **အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၃ | **မြေယာမဲ့၊ ဆင်းရဲသားတောင်သူ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၄ | **သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ** | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ☐ |
| ၅ | **မြစ်ကမ်းဘေး နေထိုင်သူများ** | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၆ | **မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ** (Prone to accident) **တွင် နေထိုင်သူများ** | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၇ | **ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ** (IDP) | မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ☑ |
| ၈ | **မြေနိမ့်ပိုင်း နေထိုင်သူများ** | မြင့် ☐ လတ် ☑ နိမ့်☑ မရှိ ☐ |
| ၉ | **ငါးကန်ပိုင်ရှင်များ** | မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | **လက်လုပ်လက်စားများ၊ ကျပန်းများ** | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၁ | **လူနည်းစုလူမျိုးများ** | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၂ | **ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ** | မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ☑ |
| ၁၃ | **နယ်စပ်ဒေသတွင် နေထိုင်သူများ** | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၄ | **ရွှေတွင်းလုပ်သားများ** | မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ☑ |
| ၁၅ | **ဆေးစွဲသူများ** | မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ☑ |
| ၁၆ | **ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ** | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၇ | **လှည့်လည်သွားလာ၍ ဈေးရောင်းသူများ** | မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | **နေရပ်ပြန် အခြေချသူများ** | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၉ | **ရွှေ့ပြောင်းလုပ်သားများ** | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၂၀ | **ကားမောင်းပြီး အသက်မွေးသူများ** | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

